**(၄) ကော်ဖီရွက်လောင်ကွက်ရောဂါ (Blister spot)**

**ရောဂါဖြစ်စေသောသက်ရှိ - *Colletotrichum gloeosporioides* (Penz)**

ရောဂါလက္ခဏာ

အရွက်ပေါ်တွင်အစိမ်းဖျော့ရောင်နှင့် အနည်းငယ်ကြွတက်နေသော အဝိုင်းပုံ အကွက်များဖြစ်ပေါ်နေသည်။ ရောဂါကွက်များသည်အရွက်ပေါ်ပျံ့နှံ့ပြီးတဖြည်းဖြည်းအရွက်ကိုသေစေသည်။ အသီးပေါ်တွင်လည်းအနည်းငယ်နစ်မြုပ်နေသော အညိုဖျော့ရောင်အနာကွက်များဖြစ်ပေါ်သည်။



ကာကွယ်နှိမ်နင်းနည်းများ

- ရောဂါရအရွက်များကိုင်းဖျားများနှင့် အသီးများအား ခူးယူဖျက်ဆီးမီးရှို့ပစ်ပါ။
- ရောဂါကွက်စတင်တွေ့ပါက Difenoconazole (ဒီဖီနိုကိုနာဇိုး)၊ Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)၊ Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Tebuconazole (တက်ဗျူကိုနာဇိုး) စသော ဆေးများဖျန်းနိုင်သည်။